www.foreverspace.com.

# ကျေးဇူးတော်ရှင်
# ချမ်းမြေ့ဆရာတော်ဘုရားကြီး၏
# ထေရုပတ္တိအကျဉ်း



ဆရာတော်ဘုရားကြီး၏ သက်တော် ၈၀ ပြည့်

မွေးနေ့ပူဇော်ပွဲ၌

ဖတ်ကြားပူဇော်ပါသည်

www.foreverspace.com.mm



## ကျေးဇူးတော်ရှင်ချမ်းမြေ့ဆရာတော်ဘုရားကြီး၏
## ထေရုပ္ပတ္တိအကျဉ်း

ချမ်းမြေ့ဆရာတော်လောင်းလျာသည် ၁၂၉၀ ပြည့် ဝါခေါင်လဆန်း (၈) ရက် (၁၉၂၈ ခုနှစ် ဇူလိုင်လ ၂၄ ရက်) အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။ ဆရာတော်၏ ခမည်းတော်နှင့်မယ်တော်မှာ ဦးဖြူမင်းနှင့်ဒေါ်ရွှေရည်တို့ ဖြစ်ကြ၍ မွေးချင်းကိုးဦးအနက် တတိယ သားရတနာဖြစ်ပါသည်။ ဇာတိရပ်ရွာမှာ တောင်တွင်းကြီးမြို့နယ် ပျဉ်းမရွာဖြစ်ပါသည်။

ဆရာတော်သည် ဇာတိရွာဖြစ်သော ပျဉ်းမရွာ အစိုးရမူလတန်းကျောင်း၌ စတုတ္ထတန်းအောင်မြင်ပြီးနောက် အဘိုး အဘွားများဖြစ်သော ဦးစံဒွန်း၊ ဒေါ်ကောက်တို့၏ ဆန္ဒအတိုင်း တောင်တွင်းကြီးမြို့ တောရဝိမာန်ကျောင်းတိုက်၌ ဗုဒ္ဓဘာသာ၏ အခြေခံစာပေများကို ဆည်းပူးခဲ့သည်။ အသက်(၁၅)နှစ်သားအရွယ်တွင် တောင်တွင်းကြီးမြို့ တောရဝိမာန်ကျောင်းတိုက်မှ တိုက်အုပ်ဆရာတော် ဦးမာလာဝံသကို ဥပဇ္ဈာယ်ပြု၍ **ရှင်ဇနက** ဟူသော ဘွဲ့အမည်ဖြင့် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ် ခံယူခဲ့သည်။

ရှင်ဇနက၏ စာချဆရာတော် ဘုန်းတော်ကြီး ဦးဝါသဝိန္ဒသည် **ရှင်ဇနက** ရှင်သာမဏေမဖြစ်မီ ၁၃ နှစ်အရွယ် ကျောင်းသားငယ် ဘဝ၌ပင် ဗုဒ္ဓဘာသာအခြေခံသင်ရိုး စာပေများသာမက သုတ်မဟာဝါ ပါဠိတော်စသော ပါဠိတော်များကိုပါ သာသနာတော်၌ သဒ္ဓါတရားဖြစ်စေရန် ရည်သန်၍

www.foreverspace.com.mm

သင်ကြားပေးလေသည်။ သာမဏေဘဝသို့ ရောက်သောအခါ၌မူ သဒ္ဒါ၊ သင်္ဂြိုဟ်၊ အဘိဓာန်၊ အလင်္ကာ စသော သင်ရိုး ပိဋကတ်ကျမ်းစာများအပြင် ဝိနည်း ပါဠိတော် အဋ္ဌကထာ ဋီကာ စသော ပိဋကတ်စာပေ ကျမ်းဂန်တို့ ကိုလည်း သင်ယူလေ့လာစေခဲ့သည်။

**ရှင်ဇနက**သည် အင်္ဂုတ္တရနိကာယ်၊ သံယုတ္တနိကာယ် စသော ပါဠိအဋ္ဌကထာအချို့ကိုမူ ဆရာလွတ် ကြည့်ရှုလေ့လာခဲ့သည်။ အခြားတ ဘက်မှာလည်း ဆရာတော်များ၏ တာဝန်ပေးချက်အရ စွမ်းနိုင်သမျှ ပြန်လည်ပို့ချပေးခဲ့သည်။ **ရှင်ဇနက**သည် ပိဋကတ်စာပေလေ့လာဆည်းပူးရေး ၌သာ အချိန်ရှိသမျှ နစ်မြုပ်နေခဲ့လေသည်။ ထို့ပြင် ပါဠိဂါထာစီကုံးခြင်း၊ ပါဠိစကားပြေစီကုံးခြင်း၊ ရံဖန်ရံခါ မြန်မာကဗျာ လင်္ကာစီကုံးခြင်းတို့ကိုပါ သင်ယူလေ့ကျင့်ခဲ့သည်။

**ရှင်ဇနက**သည် ၁၃၀၉ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ (၁၉၄၇ ခုနှစ်၊ အောက်တိုဘာ ၂၈ ရက်) ၌ တောရဝိမာန် ဆရာတော် **ဘဒ္ဒန္တ ပဒုမ** မထေရ်ကို ဥပဇ္ဈာယ်ပြု၍ တောင်တွင်းကြီးမြို့ ရွှေအိုးရပ် ကုန်သည်ကြီး ဦးစိန်ညိုနှင့် ဇနီး ဒေါ်လှနှစ် တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် မြင့်မြတ်သော ရဟန်းဘောင်သို့ တက်ရောက်ခဲ့သည်။

ထို့နောက် မန္တလေးမြို့ အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ စည်ရှင် ဆရာတော်ဘုရားကြီးထံ၌ ပိဋကတ်စာပေများကို ဆက်လက် ဆည်းပူး သင်ယူခဲ့သည်။ ပိုက်ကျုံးဆရာတော်ကြီး ဦးဇာနေယျဗုဒ္ဓိ၊ အသောကာရုံ ဆရာတော် ဦးသုဝဏ္ဏဇောတိ၊ ဗာရာဏသီ ဆရာတော် ဦးအာနန္ဒာပဏ္ဍိတ၊ သံတော်ဆင့်စာချဆရာတော် ဦးဝါသဝနှင့် မစိုးရိမ်ကျောင်းတိုက်စာချဆရာ တော် ဦးဝိစိတ္တာဘိဝံသတို့ထံ၌လည်း ပိဋကတ် စာပေဆိုင်ရာ ကျမ်းကြီးကျမ်း

www.foreverspace.com.mm



ခိုင်များကို လေ့လာဆည်းပူးခဲ့လေသည်။ မန္တလေးမြို့ တောင်ပြင်နှင့် အနောက်ပြင်တွင် ထိုစဉ်က ထင်ရှားသော စာချဆရာတော်များထံ၌လည်း အခါအားလျော်စွာ လေ့လာဆည်းပူးခဲ့သည်။

ရဟန်းငယ် **အရှင်ဇနက**သည် ပိဋကတ်စာပေများကို သင်ယူလေ့လာရင်း အစိုးရ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းနှင့် ၁၃၁၂ ခုနှစ် နယုန်လတွင် ကျင်းပသော သက္ကျသီဟပရိယတ္တိသာသနဟိတ စာသင်တန်းစာမေးပွဲများကို တစ်ကြိမ်စီ ဖြေဆိုရုံမျှနှင့် သက်သာလွယ်ကူစွာ အောင်မြင်ခဲ့လေသည်။ ၁၃၁၄ ခုနှစ် (၁၉၅၂ ဇွန်လ)၌ အစိုးရ ပါဠိတက္ကသိုလ်များအနေဖြင့် ပထမဆုံးကျင်းပသော ပါဠိတက္ကသိုလ် စာချတန်းစာမေးပွဲ၌ ကျမ်းရင်း ၃ကျမ်းနှင့် ဂုဏ်ထူး ၅ ကျမ်းတို့ကို တစ်နှစ်တည်းဖြင့်ပင် ဖြေဆိုအောင်မြင်ခဲ့၍ **သာသနဓဇသိရိပဝရ ဓမ္မာစရိယ** ဘွဲ့တော်ကို ရရှိခဲ့သည်။ ကျန်ဂုဏ်ထူး ၁ ကျမ်းကိုမူ နောက်နှစ်၌ ရန်ကုန်တွင် ဖြေဆိုအောင်မြင်ခဲ့သည်။ ပါဠိတက္ကသိုလ် စာချတန်းများအောင်ပြီးနောက် မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ်၌ပင် ကထိကအဖြစ် စာပေပို့ချခဲ့လေသည်။

ထိုအချိန်၌ သက္ကျသီဟစာချတန်းတွင် ပါရာဇိကဏ်နှင့် သီလက္ခန်အဋ္ဌကထာ နှစ်ကျမ်းကို အောင်မြင်ပြီးဖြစ်သည်။ အဋ္ဌသာလိနီ အဋ္ဌကထာကျမ်းကိုမူ ၁၃၁၇ ခုနှစ် နယုန်လ၌ ကျင်းပသော သက္ကျသီဟ စာချတန်းစာမေးပွဲ၌ ဖြေဆိုအောင်မြင်ခဲ့သည်။ ထိုကြောင့် သက်တော် ၂၇ နှစ်တွင် **အရှင်ဇနက**ဘိဝံသ ပရိယတ္တိသာသနဟိတဓမ္မာစရိယ ဘွဲ့တော်ကို ရရှိခဲ့သည်။

www.foreverspace.com.mm



အရှင်ဇနကသည် ပိဋကတ်စာပေ လေ့လာဆည်းပူးရင်းပင် ၁၃၁၆ (၁၉၅၄) ခုနှစ်တွင် ဆဋ္ဌသံဂါယနာဝန်ဆောင်သံဃအဖွဲ့ အတွင်းရေးမှူး ဆရာတော်၏ တိုက်တွန်းချက်ကို လေးစားသောအားဖြင့် ဆဋ္ဌသံဂါယနာတင် မည့် ပါဠိကျမ်းစာများ သုတ်သင်တည်းဖြတ်ရေးအဖွဲ့ ဖြစ်သော ပါဠိ ပဋိဝိသောဓကအဖွဲ့၌ ပါဝင်ဆောင်ရွက်ခဲ့ရသည်။ ၁၃၁၇ ခုနှစ်၌လည်း နိုင်ငံ တော် ဗုဒ္ဓသာသနာ့အဖွဲ့က ပင့်ဖြန်သဖြင့် ကမ္ဘာအေး ဇမ္ဗူဒီပကျောင်းဆောင်၌ သီတင်းသုံးလျက် ပါဠိပဋိဝိသောဓကတာဝန်ကို ဆောင်ရွက်ရပြန်သည်။

ပဋိပတ္တိအနေဖြင့်မူ **အရှင်ဇနက**သည် ၁၃၁၅ ခုနှစ် တန်ခူးလ၌ ဒကာရင်းဖြစ်သော မန္တလေးမြို့ ဦးထွန်းခင် ဒေါ်ကြည်ရွှင်တို့ ဆက်ကပ်သော မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းကျမ်း နှစ်တွဲကို ဖတ်ရှု ရသဖြင့် ပဋိပတ်ကို စတင်စိတ်ဝင်စားလာခဲ့သည်။ ထိုကျမ်းစာထဲ၌ ဝမ်းဗိုက် ဖောင်းမှု ပိန်မှုကို ရှုမှတ်သော အားထုတ်နည်းကို ဖတ်ရှုရရာ ရိုးရာနည်း ဖြစ်သော ထွက်လေ ဝင်လေကို ရှုမှတ်သည့် အာနာပါနဿတိ အစွဲရှိနေ သဖြင့် ဘဝင်မကျနိုင်ဘဲရှိလေသည်။ ဝမ်းဗိုက် ဖောင်းမှုပိန်မှုသည် ဝါယော ဓာတ် ခြောက်မျိုးအနက် ကုစ္ဆိသယဝါယော (ဝမ်း၌တည်သောလေ)ဓာတ် ဖြစ် ကြောင်း သဘောပေါက်သော်လည်း ရိုးရာအစွဲကလည်း ရှိနေ၊ ကျမ်းဂန်၌ တိုက်ရိုက်ဖော်ပြသည့်နည်းလည်း မဟုတ်သောကြောင့် 'ဟုတ်ပါ့မလား၊ ဖြစ်နိုင် ပါ့မလား' ဟု သံသယကလေး မကင်းဘဲ ရှိနေ၏။ ထို့ကြောင့် လက်တွေ့ စမ်းသပ်အားထုတ်ကြည့်ရန် ဆုံးဖြတ်လိုက်လေသည်။

သို့ဖြင့် ၁၃၁၅ ခုနှစ် နယုန်လတွင် ရန်ကုန်၌ကျင်းပသော စာချတန်း ဘွဲ့နှင်းသဘင်သို့ တက်ရောက်ပြီးနောက် ဖျာပုံမြို့ စကြာရန်အောင်ကျောင်းသို့ ကြွ၍ ဝတ်ဆောက်တည်ပြီးလျှင် ဝါဆိုလဆန်း၌ ရန်ကုန်မြို့ မဟာစည်

www.foreverspace.com.mm



သာသနာ့ရိပ်သာတွင် ဆရာတော်ဘုရားကြီး၏ ခွင့်ပြုချက်အရ သတိပဋ္ဌာန် ဝိပဿနာတရားကို လေးလကြာမျှ ကြိုးစားအားထုတ်ခဲ့သည်။

**အရှင်ဇနက**သည် တရားအားထုတ်နေစဉ်အတွင်း ပရိယတ်စာပေ သင်ယူရာ၊ လေ့လာကြည့်ရှုရာမှ ရရှိသော စာသိတရားများကို ဖယ်ထား၍ ဆရာညွှန်ကြားသည့်အတိုင်းသာ စူးစူးစိုက်စိုက် စိတ်ဝင်တစား အားထုတ်ခဲ့ရာ တစ်လမပြည့်မီအတွင်း၌ပင် ကိုယ်တွေ့တရားအသိများက ရှိနေခဲ့သော သံသယကလေးကို ရှင်းလင်းဖယ်ရှားခဲ့လေသည်။ ပထမနှစ်လ၌ တရားကိုသာ စိုက်စိုက်မတ်မတ် အားထုတ်ခဲ့ပြီးလျှင် ဒုတိယနှစ်လ၌မူ ဝီရိယကို တဖြည်းဖြည်း လျှော့ကာ ဆရာတော်များ တရားပြရာသို့သွား၍ တရားပြ ဗဟုသုတကိုလည်း လေ့လာဆည်းပူးခဲ့သည်။

၁၉၅၇ ခုနှစ် ဇွန်လ၌မူ သီရိလင်္ကာနိုင်ငံ(သီဟိုဠ်နိုင်ငံ)သို့ ကြွ၍ ကိုလံဘိုမြို့ မဟာဝိသုဒ္ဓါရာမတိုက်၌ ၁၉၆၃ ခုနှစ် ဖေဖော်ဝါရီလအထိ ခြောက်နှစ်ခန့်မျှ သတင်းသုံးလျက် သီရိလင်္ကာ၏ ဗုဒ္ဓဘာသာအခြေအနေကို လေ့လာရင်း အင်္ဂလိပ်၊ သက္ကတ၊ သီဟိုဠ်နှင့် ဟိန္ဒီဘာသာတို့ကို သင်ယူ လေ့လာခဲ့သည်။ ယင်းသို့လေ့လာရင်း သွားရင်းဟန်လွှဲသဘောဖြင့် လန်ဒန် တက္ကသိုလ်မှကျင်းပသော **G.C.E (A)Level** စာမေးပွဲကို ဖြေဆိုရာ ဘာသာရပ်အချို့ကို အောင်မြင်၍ မြန်မာပြည်သို့ ပြန်လာပြီးလျှင် ကျန်သော ဘာသာရပ်ကို ဖြေဆိုအောင်မြင်ခဲ့သည်။

သီရိလင်္ကာ၌ သီတင်းသုံးစဉ်အတွင်း သီရိလင်္ကာနိုင်ငံ အစိုးရတည် ထောင်သော **ဝိဒ္ယောဒယတက္ကသိုလ်**၌ အဘိဓမ္မာကထိကအဖြစ် ဆောင်ရွက် ရန် တက္ကသိုလ်အဓိပတိ၏ ကမ်းလှမ်းချက်ကို ကျမ်းမာရေးချို့တဲ့သဖြင့် လက်မ

www.foreverspace.com.mm

ခံနိုင်ဘဲ ငြင်းပယ်ခဲ့ရသည်။

၁၉၆၃ ခုနှစ် ဇွန်လ၌ အရှင်ဇနက မြန်မာပြည်သို့ ပြန်ကြွလာခဲ့သည်။ ထိုအချိန်၌လည်း နိုင်ငံတော်ဗုဒ္ဓသာသနာ့အဖွဲ့၏ ပင့်လျှောက်ချက်အရ ကမ္ဘာအေး ဇမ္ဗူဒီပကျောင်းဆောင်၌ သိတင်းသုံးကာ ပါဠိကျမ်းစာ သုတ်သင်ရေးကို ဆောင်ရွက်ရပြန်သည်။ ယင်းသို့ဆောင်ရွက်ရင်း ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ တိုက်တွန်းချက်အရ ဆရာတော်ဘုရားကြီး ရေးသားပြုစုတော်မူသော **ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယကျမ်း**အတွက် စာမျက်နှာ လေးဆယ်ရှိသော နိဒါန်းကို ရေးသားဆက်ကပ်ရသည်။

၁၉၆၆ ခုနှစ်၌ တောင်တွင်းကြီးသို့ပြန်၍ မိခင်တိုက်ရင်းဖြစ်သော တောရဗိမာန်ကျောင်းတိုက်တွင် သာသနာ့တာဝန်ကို ထမ်းဆောင်ရသည်။ ၁၉၆၇ ခုနှစ်၌မူ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ အမိန့်အရ မဟာစည်သာသနာ့ရိပ်သာ၌ နာယကဆရာတော်တစ်ပါးအဖြစ်ဖြင့် ဆရာတော်ဘုရားကြီး၏ ပရိယတ် ပဋိပတ်လုပ်ငန်းများကို ကူညီခဲ့ရသည်။ ဆရာတော်ဘုရားကြီး မျက်စိကုသချိန်တွင် ဆရာတော်ဘုရားကြီး ရေးလက်စဖြစ်သော ဝိသုဒ္ဓိမဂ် မြန်မာပြန်ကျမ်းကို ပထမတွဲ ပြီးဆုံးသည်အထိ ဆက်လက်၍ ဘာသာပြန်ဆို ရေးသားခဲ့ရသည်။

ထိုအချိန်၌ မဟာစည်ကမ္မဋ္ဌာန်းနည်းသည် ကျမ်းဂန်နှင့်မညီဟု သီရိလင်္ကာ ဘုန်းကြီးတစ်ပါး ရေးသားသော ဆောင်းပါးတစ်ပုဒ်သည် ကိုလံဘိုမြို့၌ ထုတ်ဝေသော **World Buddhism** မဂ္ဂဇင်း၌ ပါလာသဖြင့် အပြန်အလှန်ရေးသားကြရာ ၁၅လခန့် ကြာသွားလေသည်။ ပြန်လည်ချေပသော ပထမနှင့် ဒုတိယဆောင်းပါးများကို ကမ္ဘာအေး အဘိဓာန်ဆရာတော် ဦးဉာ

www.foreverspace.com.mm



ဇာတ္တရက ဖြေဆိုချေပ၍ နောက်ဆောင်းပါးများကို ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ အမိန့်အရ **အရှင်ဇနက**နှင့် မြန်အောင်ဦးတင်တို့က ဖြေဆိုချေပကြသည်။ ထိုဆောင်းပါးများကို စုပေါင်း၍ ယခုအခါ စာအုပ်တစ်အုပ် အဖြစ် ထုတ်ဝေထားကြသည်။

**အရှင်ဇနက**သည် ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ၌ ကမ္မဋ္ဌာနာစရိယအဖြစ် ၅ နှစ်၊ မန္တလေးမြို့ ရတနာပုံသာသနာ့ရိပ်သာ၌ တစ်နှစ်ခွဲမျှ ကမ္မဋ္ဌာနာစရိယအဖြစ် သာသနာ့တာဝန်ကိုဆောင်ရွက်ပြီးလျှင် ၁၉၇၇ ခုနှစ်ဖေဖော်ဝါရီလ၌ ဒကာ ဒကာမများ တည်ထောင်လှူဒါန်းသော ရန်ကုန်မြို့၊ ကမ္ဘာအေးစေတီလမ်း၊ ချမ်းမြေ့ရိပ်သာကျောင်းသို့ ရွှေ့ပြောင်း သီတင်းသုံးလျက် ပရိယတ်၊ ပဋိပတ် သာသနာ့တာဝန်နှစ်ရပ်အပြင် ရိပ်သာ စီမံအုပ်ချုပ်ရေးတာဝန်၊ ပြည်တွင်းပြည်ပ တရားဟောပြောပြသရေး တာဝန်များကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုအချိန်မှစ၍ **ချမ်းမြေ့ဆရာတော်**ဟု ထင်ရှားလာခဲ့သည်။

ဆရာတော်ဘုရားသည် ၁၉၇၈၊ ၇၉၊ ၈၀ ခုနှစ်များ၌ သာသနာရေးဦးစီးဌာန၏ လျှောက်ထားချက်အရ **အသိအမြင်မှန်မှ ချမ်းသာရ၊ သိပယ်ဆိုက်ပွား၊ ဗုဒ္ဓနည်းကျ ချမ်းသာစွာနေထိုင်နည်း** တရားတော်များကို မြန်မာ့အသံမှ အသံလွှင့်ဟောကြားခဲ့သည်။ ထိုတရားတော်များကို ဟောကြားပြီးတိုင်း စာအုပ်ငယ်များ ရိုက်နှိပ် ဖြန့်ချိခဲ့ပါသည်။ ယခုမူ တရားသုံးပုဒ်ကို တစ်အုပ်တည်း ရိုက်နှိပ် ဖြန့်ချိလျက်ရှိပါသည်။

ဆရာတော်ဘုရားသည် အမြို့မြို့ အနယ်နယ်မှ တရားစခန်း ကျင်းပပေးရန်နှင့် တရားချီးမြှင့်ပေးပါရန် ပင့်လျှောက်ခြင်းကိုလည်း ဝါတွင်းကာလမှ

www.foreverspace.com.mm

တစ်ပါး လက်ခံ၍ ချီးမြှင့်ဟောပြောပြသပေးတော်မူပါသည်။ ပြည်တွင်း၌ ဆရာတော်ဘုရား ဟောကြားပြသခဲ့သော မြို့ရွာများမှာ များပြားလှပါသည်။ မြန်မာပြည် အရှေ့စွန်း တာချီလိတ်၊ ကျိုင်းတုံအထိ။ တောင်စွန်း၌ ထားဝယ်၊ မြိတ်၊ ကော့သောင်းအထိ။ မြောက်စွန်း၌ မြစ်ကြီးနား၊ ပူတာအိုအထိ။ အနောက်စွန်း၌ စစ်တွေ၊ ကလေး၊ ကလေးဝ၊ တမူးအထိ မြန်မာပြည် တန်းတလျား ဟောကြားပြသခဲ့ပါသည်။

၁၉၈၂ ခုနှစ် မေလတွင်မူ သမိုင်းတွင်သော တရားပွဲကို ဆရာတော်ဘုရား ဟောကြားချီးမြှင့်ခဲ့ပါသည်။ ကလေးမြို့တွင် ကလေးမြို့နယ် ခရစ်ယာန် အသင်း ၇ သင်းကို ဖွဲ့စည်းထားသော ခရစ်ယာန်အသင်းတော်များ ကောင်စီ က ပင့်လျှောက်ချက်အရ ကလေးမြို့ ရွှေဘုံသာခမ်းမဆောင်ကြီးအတွင်း၌ ခရစ်ယာန် ပရိသတ် အများစု ပါဝင်သော တရားနာပရိသတ် ၆၀၀၀ ခန့်အား မေလ ၃၊ ၄၊ ၅ ရက်တို့၌ သုံးရက်တိုင်တိုင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်ခဲ့ပါသည်။ ထိုတရားတော်များကို ၁၉၈၃ ခုနှစ်မှစ၍ **ဆင်းရဲငြိမ်းအေး ချမ်းသာရေး** အမည်ဖြင့် စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေ ခဲ့ရာ သတ္တမအကြိမ်အထိ အုပ်ရေ ၅၄၀၀၀ ထုတ်ဝေခဲ့ပါသည်။ ၁၉၈၅ ခုနှစ်၌လည်း ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာအသင်းကြီး၏ ပင့်လျှောက်ချက် အရ ရန်ကုန်တက္ကသိုလ်ခမ်းမဆောင်၌ ရက်သတ္တလေးပတ်မျှ သောကြာနေ့တိုင်း တရားချီးမြှင့်ခဲ့ပါသည်။ တရားပွဲအပြီး၌ ကျောင်းသူ၊ ကျောင်းသား၊ ဆရာ၊ ဆရာမများနှင့် ပြင်ပမှ လာရောက်၍ တရားနာကြသော တရားနာပရိသတ်တို့ မေးမြန်းသော မေးခွန်း ၅၀ ကျော်ကိုလည်း ဖြေကြားပေးခဲ့ပါသည်။ ထိုတရား ကိုလည်း **တက္ကသိုလ်ခမ်းမသဘင်**အမည်ဖြင့် စာအုပ်ရိုက်နှိပ်ထုတ်ဝေခဲ့ရာ အုပ် ရေ ၂၅၀၀၀ ထုတ်ဝေခဲ့ပါသည်။ ၁၉၉၃ ခုနှစ် မတ်လတွင် ဟသ်ာတတက္က သိုလ်၌ လည်းကောင်း၊ ၂၀၀၅ ခုနှစ် ဇန်နဝါရီလတွင် ကျိုင်းတုံတက္ကသိုလ်၌

www.foreverspace.com.mm



လည်းကောင်း တရားချီးမြှင့်ခဲ့ရာ ကျောင်းသူ ကျောင်းသားများသာမက အခါ၊ လီဆူး၊ ရှမ်း၊ ပအို့ တိုင်းရင်းသားများပါ ကြည်ညိုစွာ လာရောက်၍ ခန်းလုံးပြည့်မျှ နာယူကြပါသည်။ ထို့ပြင် ပဲခူးဒီဂရီကောလိပ်နှင့် မြစ်ကြီးနား တက္ကသိုလ်တို့၌လည်း တရားချီးမြှင့်ခဲ့ပါသည်။

ဆရာတော်သည် ပြည်ပ တက္ကသိုလ်များ၌လည်း အခါအားလျော်စွာ တရားချီးမြှင့်ခဲ့ရပါသည်။ ၁၉၈၁-၈၂ ခုနှစ်များတွင် အင်္ဂလန်နိုင်ငံ **Oxford University** ၌လည်းကောင်း၊ အမေရိကန်နိုင်ငံ **Westren Illinois** တက္ကသိုလ်၌လည်းကောင်း၊ ၁၉၈၂ ခုနှစ်တွင် **ဟဝိုင်ယီ**တက္ကသိုလ်၌လည်းကောင်း၊ ဗန်ကူးဗား တက္ကသိုလ်၌လည်းကောင်း၊ လန်ဒန် **Buddhist** ဝိဟာရ၌လည်းကောင်း တရားချီးမြှင့်ခဲ့ပါသည်။ ၁၉၉၈ ခုနှစ်၌ အင်္ဂလန်နိုင်ငံ **Cambridge University** ၌ သုံးရက် ဝိပဿနာတရားစခန်း ဖွင့်လှစ်ပြသခဲ့ပါသည်။ ၁၉၈၂ ခုနှစ်၌ အမေရိကန်နိုင်ငံ **Oberlin University** တွင် တရက်တရားစခန်း ဟောပြောပြသခဲ့ပါသည်။ ၁၉၈၂ ခုနှစ်၊ လန်ဒန်ဝိဟာရ၌ **ဒါရုက္ခန္ဓောပမသုတ်** တရားချီးမြှင့်ခဲ့ပါသည်။

ဆရာတော်ဘုရားကြီးသည် ၁၉၇၉ ခုနှစ်မှ စတင်၍ ယနေ့အထိ နိုင်ငံပေါင်း ၃၀ သို့ ဓမ္မခရီး အကြိမ် ၄၀ ထွက်ခဲ့ရာ ထိုင်းနိုင်ငံသို့ ၃၂ ကြိမ်၊ တရုတ်ပြည်မကြီးသို့ ၁ ကြိမ်၊ ဂျပန်နိုင်ငံသို့ ၅ ကြိမ်၊ ဟဝိုင်ယီသို့ ၄ ကြိမ်၊ အမေရိကသို့ ၁၀ ကြိမ်၊ အင်္ဂလန်သို့ ၈ ကြိမ်၊ စကော့တလန်သို့ ၃ ကြိမ်၊ ပြင်သစ်သို့ ၇ ကြိမ်၊ ဆွစ်ဇာလန်သို့ ၅ ကြိမ်၊ သြစတြီးယားသို့ ၁ ကြိမ်၊ အီတလီသို့ ၂ ကြိမ်၊ ဟော်လန်သို့ ၄ ကြိမ်၊ ဂျာမနီသို့ ၅ ကြိမ်၊ ဘယ်လ်ဂျီယမ်သို့ ၄ ကြိမ်၊ ချက်သမ္မတနိုင်ငံသို့ ၁ ကြိမ်၊ သီရိလင်္ကာသို့ ၂ ကြိမ်၊ စင်ကာပူသို့ ၈ ကြိမ်၊ မလေးရှားနိုင်ငံသို့ ၆ ကြိမ်၊ ဘိုနီယိုကျွန်း

www.foreverspace.com.mm

ဆဗားပြည်နယ်သို့ ၂ ကြိမ်၊ ကနေဒါသို့ ၅ ကြိမ်၊ ဟောင်ကောင်သို့ ၁ ကြိမ်၊ ဖိလစ်ပိုင်သို့ ၁ ကြိမ်၊ အင်ဒိုနီးရှားသို့ ၅ ကြိမ်၊ ဩစတြေးလျသို့ ၅ ကြိမ်၊ ထိုင်ဝမ်(တိုင်ပေ)သို့ ၈ ကြိမ်၊ တောင်ကိုရီးယားသို့ ၅ ကြိမ်၊ နယူးဇီလန်သို့ ၅ ကြိမ်၊ တောင်အာဖရိကနိုင်ငံသို့ ၃ ကြိမ်၊ ကင်ညာနိုင်ငံသို့ ၁ ကြိမ်၊ ဘော့ဆွာနာနိုင်ငံသို့ ၁ ကြိမ်၊ လီဆိုသိုနိုင်ငံသို့ ၁ ကြိမ် အသီးသီး သာသနာပြုခရီး ကြွရောက်ခဲ့ပါသည်။

ဓမ္မခရီးတစ်ကြိမ်ကြွလျှင် နိုင်ငံပေါင်း ၃ နိုင်ငံမှ ၁၁ နိုင်ငံအထိ ကြွရောက်ရပါသည်။ နောက်ပိုင်းတွင် ထိုင်းနိုင်ငံကဲ့သို့သော ခရီးလမ်းသင့်သော အနီးအပါးနိုင်ငံများ၌မူ ဓမ္မခရီးကြွတိုင်းလိုလို တရားစခန်းများ ဖွင့်လှစ်ပြသခဲ့ပါသည်။ ထို့ကြောင့် ဓမ္မခရီး အကြိမ် ၄၀ ကြွရာတွင် နိုင်ငံအလိုက်ဆိုသော် အကြိမ် ၁၅၀ မျှဖြစ်၍ တရားစခန်း အရေအတွက်အရ ဆိုသော် တရားစခန်းပေါင်း ၂၀၀ ထက်မနည်း ပြသခဲ့ရပါသည်။

၁၉၉၅ ခုနှစ်၊ ဧပြီလနှင့် မေလတို့၌ ကင်ညာနိုင်ငံ၊ တောင်အာဖရိကနိုင်ငံနှင့် ဘော့ဆွာနိုင်ငံများသို့ ကြွရောက်၍ တရားစခန်း ဟောပြောပြသရပါသည်။

၁၉၉၇ ခုနှစ်၌ တောင်အာဖရိကနိုင်ငံသို့ ဒုတိယအကြိမ် ဓမ္မခရီးကြွရာတွင် ဓမ္မောဒယမြန်မာဝိဟာရကျောင်း ဆောက်လုပ်လှူဒါန်းသည်ကိုလက်ခံ၍ သိမ်သမုတ်ခြင်း၊ ရဟန်းပြုပေးခြင်း၊ တရားစခန်းများ ဖွင့်လှစ် ဟောပြောပြသခြင်းများ ပြုလုပ်ခဲ့ပါသည်။ ဂျိုဟန်နက်စဘတ်မြို့ အသံလွှင့်ဌာန၌ ဝိပဿနာတရားဆွေးနွေးပွဲကို တိုက်ရိုက်အသံလွှင့်ခြင်း၊ **Star** သတင်းစာ၊ **Pretoria news** သတင်းစာများက ပြုလုပ်သော တရားဆွေးနွေးပွဲများ၌လည်း

www.foreverspace.com

ဗုဒ္ဓတရာတော်နှင့် ဝိပဿနာတရား အားထုတ်ပုံတို့ကို ရှင်းပြ ဟောပြောခဲ့ပါသည်။ ပရီတိုးရီးယားမြို့အနီး၌ ရှိသော ဘရွန်ခိုစပရွတ် တရုတ်ဗုဒ္ဓဘာသာကျောင်း၌လည်း တရားစခန်းဖွင့်လှစ်၍ ဟောပြောပြသခဲ့ပါသည်။

ဆရာတော်ဘုရားသည် သာသနာရေးဦးစီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ထေရဝါဒသာသနာပြုတက္ကသိုလ်ဆိုင်ရာ တာဝန်ရှိသူများ၏ လျှောက်ထားတောင်းပန်ချက်အရ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ဂုဏ်ထူးဆောင် ပါမောက္ခအဖြစ် ဝါတွင်းကာလ မိမိရက်အားရသမျှ သင်ကြားပို့ချပေးပါသည်။

ဆရာတော်သည် ကလေးများ ဗုဒ္ဓတရားတော်နှင့် နီးစပ်ဖို့ ထိတွေ့ဖို့ အရေးကြီးကြောင်းကိုလည်း အမြဲသတိရှိပါသည်။ ထို့ကြောင့်ပင် ကလေးများ ကျောင်းအားရက်ဖြစ်သည့် နွေရာသီ မတ်၊ ဧပြီ၊ မေလများတွင် ၁၀ နှစ်မှ ၁၈ နှစ်အထိကလေးများအတွက် ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းများ ဖွင့်လှစ်၍ ယောဂီတပည့်များဖြစ်သော ဆရာ၊ ဆရာမများကို သင်ကြားစေပါသည်။ မတ်လ ၁ ရက်နေ့မှ ဧပြီလကုန်အထိ ၂ လခန့် သင်ကြားပေးပါသည်။ သင်တန်းများကို ပထမဆင့်မှ သောဠသမဆင့်ထိ(၁၆ဆင့်) အထိ အဆင့်ခွဲခြား သင်ကြားပေး၍ စာမေးပွဲ အနည်းဆုံး ၃ ကြိမ် ကျင်းပပေးပါသည်။ အောင်မြင်သောကလေးများကို ကဆုန်လပြည့် ဗုဒ္ဓနေ့၌ အောင်လက်မှတ်နှင့် ဆုများချီးမြှင့်ပါသည်။

ပထမဆင့်မှစ၍ ဂုဏ်တော်ဘုရားရှိခိုး၊ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ မင်္ဂလာ၊ ဝိပဿနာ၊ ထေရဝါဒဗုဒ္ဓဘာသာ၊ မဟာယာနဗုဒ္ဓဘာသာ၊ ဈင်းဗုဒ္ဓဘာသာ၊ ဗုဒ္ဓဘာသာနိုင်ငံများ၌ ဗုဒ္ဓသာသနာတော် စတင်ပြန့်ပွားပုံ၊

www.foreverspace.com

ဓမ္မစကြာ၊ အနတ္တလက္ခဏသုတ်၊ ပဋိစ္စသမုပ္ပါဒ်၊ ကံနှင့်တမလွန်ဘဝ စသည်ဖြင့် အဆင့်ခွဲခြား သင်ကြားပေးပါသည်။ အဆင့်တိုင်း၌ ပြဋ္ဌာန်းစာအုပ်များ သတ်မှတ်ထားပါသည်။

ပဋိပတအနေဖြင့်လည်း တစ်နေ့မှာ တရားလေးကြိမ်၊ အချိန်ခြား၍ အားထုတ်စေပါသည်။ တစ်ကြိမ်လျှင် နာရီဝက် စင်္ကြံလျှောက်၊ နာရီဝက် တရားထိုင် အားထုတ်ရပါသည်။

ဤနည်းဖြင့် ကလေးများကို ဗုဒ္ဓတရားတော်နှင့် စာတွေ့ရော၊ လက်တွေ့ပါ ထိတွေ့မိ၍ အခြေခံရစေပါသည်။

ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများကို ၁၉၉၀ ခုနှစ်မှစ၍ နှစ်စဉ် နွေရာသီတိုင်း သင်ကြားပေးခဲ့ရာ ယခုအချိန်အထိ သင်တန်း ၁၉ ကြိမ်မျှ သင်ကြားပြီးဖြစ်ပါသည်။

ဆရာတော်၏ ဘာသာ၊ သာသနာအတွက် ဆောင်ရွက်ချက်များကို အသိအမှတ်ပြု ပူဇော်သောအားဖြင့် နိုင်ငံတော်အစိုးရက ၁၉၉၃ ခုနှစ်၌ မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တော်ကိုလည်းကောင်း၊ ၁၉၉၅ ခုနှစ်၌ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘွဲ့တော်ကိုလည်းကောင်း၊ ၁၉၉၉ ခုနှစ်၌ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တော်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ဆရာတော်ဘုရားသည် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ်ကို မိမိလည်း ကောင်းစွာကျင့်၍ သူတစ်ပါးတို့လည်း ကောင်းစွာကျင့်နိုင်ရန် ဟောပြောဆုံးမ ညွှန်ပြပေးရုံမျှမက သာသနာတော်နှင့်စပ်သော ဒါနကုသိုလ်၊

www.foreverspace.com.mm



လူမှုဖွံ့ဖြိုးရေးနှင့်စပ်သော ဒါနကုသိုလ်တို့ကိုလည်း အများအကျိုးကို မျှော်ကိုး ရည်ရွယ်၍ စွမ်းနိုင်သမျှ လှူဒါန်းပြုစုပါသည်။ နှစ်စဉ်နှစ်တိုင်း ဝါခေါင်လ၌ သံဃာတော် ၁၀၀ ကျော်တို့ကို ပင့်ဖိတ်၍ ဆွမ်း၊ ခဲဘွယ်၊ ဘောဇဉ် လှူဒါန်းဆက်ကပ်ရုံမျှ မဟုတ်ဘဲ သင်္ကန်း၊ ထီး၊ ဘိနပ်၊ စောင်၊ ခြင်ထောင်၊ နာရီ၊ ဖောင်တိန်၊ ပန်ကာ၊ အဝတ်လျှော်စက်၊ ရေခဲသေတ္တာ အစရှိသော လှူဘွယ်ပစ္စည်းမျိုးစုံတို့ကိုလည်း စာရေးတံမဲ ချ၍ လှူဒါန်းပါသည်။ ယင်းသို့ လှူဒါန်းသည်မှာ ယခုနှစ်အထိ ၂၅ ကြိမ်မျှ ရှိပါပြီ။ မှတ်မိသလောက် ပြောရလျှင် ၂၀၀၆ ခုနှစ်၊ စာရေးတံမဲ အလှူပွဲ၌ စုစုပေါင်း ကျပ်သိန်း ၁၇၀ တန်ဘိုးရှိသော လှူဘွယ်ပစ္စည်း တို့ကိုလည်းကောင်း၊ ၂၀၀၇ ခုနှစ်၊ စာရေးတံမဲ အလှူပွဲ၌ ကျပ်သိန်း ၁၆၀ ကျော် တန်ဘိုးရှိသော လှူဘွယ်ပစ္စည်း တို့ကိုလည်းကောင်း လှူဒါန်းခဲ့ပါသည်။ ယခုနှစ် လှူဘွယ်ပစ္စည်း တန်ဘိုး မှာလည်း ကျပ်သိန်း ၁၅၀၊ ၁၆၀ ထက် နည်းမည်မဟုတ်ဟု ယူဆရပါသည်။

ထို့ပြင်လည်း ဆရာတော်ဘုရား၏ ဖွားဇာတိရွာဖြစ်သော တောင် တွင်းကြီးမြို့နယ်၊ ပျဉ်းမ, ကြီးအင်းကုန်း, အောင်သုခ သုံးရွာတို့မှ ရှင်မပြုရသေး သော ကလေး ၂၀ မှ ၃၀ အထိ ကလေးတို့ကို နှစ်စဉ် ရှင်ပြုပေးခြင်း၊ ပင့်သံဃာတော်များကို သင်္ကန်းစသော ပစ္စည်းဝတ္ထုလှူဒါန်းခြင်း၊ ၁၀၀၀ ထက် မနည်းသော လူပရိသတ်တို့ကို ဧည့်ခံ ကျွေးမွေးခြင်းများမှာ ဆရာတော်ဘုရား နှစ်စဉ်ပြုစုသော ကုသိုလ်တော်များ ဖြစ်ကြပါသည်။

ထို့ပြင်လည်း ပျဉ်းမရွာဦးကျောင်း၌ ပျက်နေသောကျောင်းကို ကျပ်ငွေသုံးသိန်းမတည်၍ ပြုပြင်ပေးခြင်း၊ ဥပုသ်ဇရပ်ဆောက်လုပ် လှူဒါန်း ခြင်း၊ နေကျော်ကျောင်း၌လည်း တစ်ထပ်အုတ်ကျောင်း တစ်ဆောင်၊ နှစ်ထပ် အုတ်ကျောင်း တစ်ဆောင်နှင့် ဆွမ်းကျောင်း ဆောက်လုပ်လှူဒါန်းခြင်း၊ ပျဉ်း

www.foreverspace.com.mm

မရွာ မူလတန်းကျောင်း၌ ကျောင်းဆောင် နှစ်ဆောင် ဆောက်လုပ်လှူဒါန်းခြင်း၊ သုသာန်၌ သရဏဂုံဇရပ် ဆောက်လုပ်လှူဒါန်းခြင်း၊ ပျဉ်းမရွာနှင့် အောင်သုခရွာ လမ်းဘေးတွင် နားနေဇရပ် ဆောက်လုပ်လှူဒါန်းခြင်းစသော ဒါနကုသိုလ်များကိုလည်း အများအကျိုး မျှော်ကိုးလျက် ပြုစုဆည်းပူးပါသည်။

အထူးအားဖြင့် ပျဉ်းမရွာမှ အရှေ့ ပြည်-တောင်တွင်း ပေတစ်ရာ လမ်းမကြီးသို့ သွားသောလမ်းသည် မြေသားသက်သက်လမ်း ဖြစ်၍ မိုးအခါ၌ ရွှံ့ဗွက်အတိပြီးကာ ခရီးသွားများ အသွားအလာ ခက်ခဲနေသဖြင့် ၂၀၀၆ ခုနှစ်၌ တောင်တွင်းကြီးမြို့မှ တပည့် ဒကာများ၊ ပျဉ်းမ, ကြီးအင်းကုန်း, အောင်သုခ သုံးရွာမှ တပည့်ဒကာများကို နှိုးဆော်၍ ကျပ်သိန်း သုံးရာကျော် အကုန်အကျခံကာ ထိုမြေလမ်းကို အမာခံ ကျောက်ချောလမ်း ပြုလုပ်လှူဒါန်းခဲ့ရာ ခရီးသွားများ ချမ်းသာစွာ သွားလာရသဖြင့် တစ်နယ်လုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပါသည်။

ထိုသို့ပြုနေကျ ကုသိုလ်များအပြင် ၂၀၀၇ ခုနှစ်၌ ဆရာတော်ဘုရားကြီးအမှူးပြု၍ တပည့် ဒကာ ဒကာမများ စုပေါင်းပါဝင်လျက် တောင်တွင်းကြီးမြို့ပေါ်ရှိ သံဃာတော် ၅၀၀ ကျော်တို့အား ဆွမ်းတော်ကြီးလောင်းလှူပွဲ ပြုလုပ်ရာ ဆွမ်း၊ ဆွမ်းဟင်း၊ အချိုပွဲများသာမကဘဲ သင်္ကန်း၊ ထီး၊ ဘိနပ်၊ မျက်နှာသုပ်ပဝါ၊ စောင် စသော လှူဖွယ်ဝတ္ထုတို့ကိုပါ လောင်းလှူကြပါသည်။ ၂၀၀၈ ခုနှစ်၊ မတ်လ၌လည်း တောင်တွင်းကြီးမြို့၊ ပျဉ်းမရွာ၌ ကျေးရွာကျောင်းများမှ သံဃာတော် ၂၂၀ တို့ကို ပင့်၍ ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ လက်ဖက်ခြောက် စသော ဆွမ်းကျောင်းသုံး ပစ္စည်းများသာမကဘဲ သင်္ကန်း၊ ထီး၊ ဘိနပ်စသော သာသနာ့ အသုံးအဆောင်တို့ကိုလည်း ရန်ကုန်မှ နိုင်ငံခြားသား ယောဂီများ၊ မြန်မာယောဂီများ၊ ကျေးရွာမှ ဒကာ, ဒကာမများပါ စုပေါင်းပါဝင်လျက်

www.foreverspace.com.mm



**ဆွမ်းဆန်စိမ်း**လောင်းလှူပွဲ ကျင်းပရာ ဒေသအလိုက် အလွန်ကြီးကျယ်စည်ကားသော အလှူပွဲကြီးဖြစ်လာကာ များစွာပင် ကြည်နူးဝမ်းသာ ပျော်စရာ အလှူပွဲကြီး ဖြစ်ပါတော့သည်။

ထိုဆွမ်းဆန်စိမ်းလောင်းလှူပွဲအပြီး ၃ ရက်လောက် ရှိသောအခါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ သံဃာတော် ၁၀၀ ကြွရောက်ခဲ့သော စာသင်တိုက်မှ သံဃာတော်တစ်ပါးကို လျှောက်ထားကြည့်ရာ ဆွမ်းဆန်တော် ၇၅ တင်းနှင့် ဆီ ၅၅ ပိဿာ ရရှိကြောင်း သိရပါသည်။

## လေဘေးအလှူ

၂၀၀၈ ခုနှစ်၊ မေလ ၂ ရက်၊ ၃ ရက်နေ့တို့တွင် တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းကြောင့် များစွာပျက်စီးသွားသော လပွတ္တာနှင့် ဘိုကလေးမြို့နယ်များရှိ ကျေးရွာများသို့ ပစ္စည်းအမျိုးပေါင်း တစ်သောင်းကျော်၊ တန်ဘိုးအားဖြင့် သိန်း ၂၀၀ ကျော်တို့ကို မေလ ၁၅ ရက်၊ ၁၆ ရက်နေ့တို့၌ ယုံကြည်စိတ်ချရသော ဒေသခံဘုန်းတော်ကြီးများထံ အပ်နှံ၍ ပထမအကြိမ်အဖြစ် လှူဒါန်းခဲ့ပါသည်။

ထို့နောက် မေလ ၁၇ ရက်နေ့၌ ဆရာတော်သည် အမေရိကနှင့် အင်္ဂလန်နိုင်ငံများသို့ ဓမ္မခရီး ကြွသွားရပါသည်။ ထိုဓမ္မခရီးမှ ဇူလိုင်လ ၉ ရက်နေ့တွင် မြန်မာပြည်သို့ ပြန်ရောက်ခဲ့ပါသည်။

www.foreverspace.com.mm

ဓမ္မခရီးမှ ပြန်ရောက်သောအခါ လပွတ္တာနှင့် ဘိုကလေးမြို့နယ် ကျေးရွာတို့၌ လေဘေးသင့်သူများ မည်သည့်အရာများ အရေးတကြီး လိုအပ်ကြောင်းကို သိနိုင်ရန် ယုံကြည်ရသူများကို လွှတ်၍ စုံစမ်းစေပါသည်။ စုံစမ်းသူများ ၂ ရက်၊ ၃ ရက်အတွင်း ပြန်ရောက်လာသောအခါ ချက်ချင်းပင် ဒုတိယအကြိမ် လေဘေးအလှူအဖြစ် ဖျာပုံမြို့၊ ဇီဝကာရာမကျောင်း၌ လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည်ကို ပြင်ဆင်ရန် ကျပ်သိန်း ၃၀ကိုလည်းကောင်း၊ ဘိုကလေးမြို့နယ် ကျေးရွာများအတွက် ထွန်စက် ၁ စီးနှင့် ဆန်အိတ် ၁၀၀၊ တန်ဘိုးအားဖြင့် ကျပ် ၃၅ သိန်းကိုလည်းကောင်း၊ လပွတ္တာကျေးရွာများအတွက် ထွန်စက် ၂ စီး၊ တန်ဘိုး ကျပ်သိန်း ၃၀ နှင့် အိမ် ၁၀ လုံးဆောက်ရန်အတွက် ကျပ်သိန်း ၉၀၊ နှစ်ရပ်ပေါင်း အလှူငွေ ကျပ်သိန်း ၁၂၀ တို့ကိုလည်းကောင်း၊ စုစုပေါင်း ကျပ်သိန်းပေါင်း ၁၈၅ သိန်းတို့ကို ယုံကြည်စိတ်ချရသော ဒေသခံ ဘုန်းတော်ကြီးများထံ အပ်နှံ၍ ဒုတိယအကြိမ်အဖြစ် လှူဒါန်းခဲ့ပါသည်။

ထို့နောက် ဇူလိုင်လ ၁၄ ရက်နေ့၌ ဆရာတော်ဘုရား ပြင်ဦးလွင် ချမ်းမြေ့ရိပ်သာသို့ ဝါကပ်ရန် ကြွသွားရပါသည်။ ပြင်ဦးလွင်၌ သီတင်းသုံးနေစဉ် အခိုက်၌ပင် ဘိုကလေးမြို့နယ်၌ လေဘေးအလှူ ကူညီဆောင်ရွက်နေသော မောင်နိုင်ဦးနှင့် အဆက်အသွယ်ရနေသဖြင့် ဘိုကလေးမြို့နယ်၊ ဘုရားကျောင်းကျေးရွာ၌ အားကိုးရာမရှိသော အဘိုး၊ အဘွားများအတွက် အိမ် ၅ လုံး ဆောက်ရန် ကျပ်သိန်း ၃၀ ကိုလည်းကောင်း၊ အခြားကျေးရွာတစ်ရွာ၌ အိမ် ၁ လုံးဆောက်ရန် ကျပ် ၆ သိန်းကိုလည်းကောင်း၊ စုစုပေါင်း ကျပ် ၃၆ သိန်းတို့ကို ပြင်ဦးလွင်မှနေ၍ တတိယအကြိမ်အဖြစ် လှူဒါန်းခဲ့ပါသည်။ ယခုအချိန်အထိ သုံးကြိမ်ပေါင်း ကျပ်သိန်းပေါင်း ၄၂၁ သိန်းတို့ကို လေဘေးအလှူအဖြစ် လှူဒါန်းခဲ့ပါသည်။

www.foreverspace.com.m



လေဘေးဒဏ် ခံခဲ့ရသော ကွမ်းခြံကုန်းစသော အခြား၊ မြို့နယ်နှင့် ကျေးရွာများသို့လည်း အလှူငွေနှင့် ပစ္စည်းများ ပေးပို့လှူဒါန်းနိုင်ရန် ဆရာတော်ဘုရား စိတ်ကူးစိမံလျက် ရှိပါသည်။

## ချမ်းမြေ့ရိပ်သာခွဲများ

ဆရာတော်ဘုရား၏ ပြည်တွင်း၊ ပြည်ပ သာသနာပြု လုပ်ငန်းသည် စေတနာအလျောက် တဖြည်းဖြည်း ကျယ်ပြန့်လာရာ ရန်ကုန်မြို့၊ ချမ်းမြေ့ရိပ်သာကြီးအပြင် ၁၉၉၃ ခုနှစ်၌ ဟသ်ာတချမ်းမြေ့ရိပ်သာ၊ ၁၉၉၄ ခုနှစ်၌ မှော်ဘီချမ်းမြေ့ရိပ်သာ၊ ၁၉၉၉ ခုနှစ်မှစ၍ **ပြင်ဦးလွင်ချမ်းမြေ့ရိပ်သာ၊ တောင်ကြီးချမ်းမြေ့ရိပ်သာ၊ လယ်ဝေးချမ်းမြေ့ရိပ်သာ၊ တမူးချမ်းမြေ့ရိပ်သာ**စသော ရိပ်သာခွဲများလည်း ပေါ်ပေါက်လာပါသည်။ ပြည်ပ၌လည်း ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့အနီး၌ **ဓမ္မောဒယချမ်းမြေ့ရိပ်သာ**၊ တောင်အာဖရိကနိုင်ငံ၊ ဒါဘန်မြို့အနီး၌ **ဓမ္မောဒယချမ်းမြေ့ရိပ်သာ**၊ အမေရိကန်နိုင်ငံ အီလီနွိုက်ပြည်နယ်၊ စပရင်းဖီးလ်မြို့၌ **ချမ်းမြေ့သတိပဋ္ဌာနဝိဟာရ**တို့လည်း ပေါ်ပေါက်လာပါသည်။ လာမည့် ဇန်နဝါရီလ၌လည်း အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့တော်နှင့် မလှမ်းမကမ်းဖြစ်သော တောင်ပေါ်ဒေသ၌ သတိပဋ္ဌာန်ရိပ်သာတစ်ခု တည်ထောင်လှူဒါန်းသည်ကို ဖွင့်လှစ်စောင့်ရှောက်ပေးရန် ကြွရပါမည်။

ဆရာတော်သည် ပရိယတ်၊ ပဋိပတ်အလုပ်များ၊ ကျောင်းစိမံခန့်ခွဲအုပ်ချုပ်ရေးအလုပ်များ၊ ပြည်တွင်း ပြည်ပ တရားစခန်းများ၊ တရားပွဲများတွင် ဟောပြောပြသခြင်း၊ ဗုဒ္ဓတရားတော်နှင့် ပတ်သက်သော အချက်အလက်များ

www.foreverspace.com.m

ကို ဆွေးနွေးမေးမြန်းသော သူများအား ရှင်းလင်း ဖြေကြားပေးခြင်း၊ နိုင်ငံခြားသားများကို ရှင်ပြု ရဟန်းခံပေးခြင်း၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း ဖွင့်လှစ်ပေးခြင်းစသော သာသနာပြု လုပ်ငန်းများဖြင့် မအားလပ်သည့်ကြားမှ ပင် လောကီ၊ လောကုတ္တရာ အကျိုးကျေးဇူးများသည့် ကျမ်းစာများကိုလည်း ရေးသားပြုစုခဲ့ပါသည်။ ချမ်းမြေ့ဆရာတော်ဘုရား ရေးသားထုတ်ဝေပြီးသော ကျမ်းစာများမှာ မြန်မာဘာသာဖြင့် ၂၃ အုပ်၊ အင်္ဂလိပ်ဘာသာဖြင့် ၁၀ အုပ် ရှိပါပြီ။

၁။ နိုင်ငံခြားမှ ပေးစာများ
၂။ ချမ်းမြေ့အခြေပျိုး ဗုဒ္ဓဘာသာ
၃။ ဗုဒ္ဓသာသနာတော် စတင်ပြန့်ပွားပုံနှင့် ချမ်းမြေ့သာသနာတော်လျှောက်စာတမ်း
၄။ ဆင်းရဲငြိမ်းအေး ချမ်းသာရေး
၅။ အနောက်တိုင်းမှ ဘဝပြဿနာ
၆။ အသိအမြင်မှန်မှ ချမ်းသာရ
၇။ ဗုဒ္ဓနည်းကျ ချမ်းသာစွာ နေထိုင်နည်း
၈။ သိပယ်ဆိုက်ပွား တရားတော်
၉။ လူ့ကထိန် သက်န်းနှင့် မင်္ဂလမ်းကိုရှုယ်
၁၀။ ဂုဏ်တော်ဘုရားရှိခိုးနှင့် သိမှတ်ဖွယ်အထွေထွေ
၁၁။ ချမ်းမြေ့မင်္ဂလာ သင်စရာ
၁၂။ တက္ကသိုလ် ဓမ္မသဘင်
၁၃။ ယောဂီသိဖွယ် အသွယ်သွယ်
၁၄။ ကံနှင့် တမလွန်ဘဝ

www.foreverspace.com



၁၅။ နိုင်ငံခြားသား ဘုန်းတော်ကြီးတစ်ပါး၏
ဗုဒ္ဓဘာသာအမြင် အမေးအဖြေများ
၁၆။ အာဖရိက ဓမ္မခရီး
၁၇။ အာဖရိက ဓမ္မခရီး-၂
၁၈။ ဘဝအတန်တန် ကံအထွေထွေ
၁၉။ သစ္စာလေးပါး တရားတော်
၂၀။ ပစ္စည်းလေးပါး တရားတော်
၂၁။ အောင်သုခ-ပျဉ်းမ ကျောက်ချောလမ်း
ဖွင့်ပွဲ အထိမ်းအမှတ်
၂၂။ ဆရာတော်များ မိန့်စကား
မှတ်သားလိုက်နာ ကောင်းကျိုးဖြာ
၂၃။ ဓမ္မကဗျာ ပဒေသာ
၂၄။ **Vipassana Meditation**
၂၅။ **Ordination Procedure and Some Vinay Rules**
၂၆။ **Vipassana Meditation Guidelines**
၂၇။ **The Fundamental Doctrine of Buddhism**
၂၈။ **Parable of the log**
၂၉။ **Summary of Buddhist Manastric Code**
၃၀။ **Parable of the log,**
**Questions and Answers**
၃၁။ **Practical Insight Meditation**
၃၂။ **Developement of Insight**
၃၃။ **The Great Man**

www.foreverspace.com

# ဘာသာပြန် ထုတ်ဝေကြခြင်း

ဆရာတော်ဘုရားကြီး ဟောကြားသောတရားတော်များ အနက်မှ လန်ဒန် **Buddhist Vihara** ၌ ဟောကြားသော **Parable of the log** (ဒါရုက္ခန္ဓောပမသုတ်) တရားတော်ကို လန်ဒန်ဗုဒ္ဓဘာသာအဖွဲ့ကပင် ကက်ဆက်ခွေမှ ထုတ်၍ **Buddhist Forum** စာစောင်၌ အစအဆုံး ထည့်သွင်း ဖော်ပြကြပါသည်။ ထို့ပြင် ဟဝိုင်ယီပြည်နယ် ဟိုနိုလူလူမြို့၊ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၊ မလေးရှားနိုင်ငံ ပီနံမြို့၊ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တို့၌ စိတ်ဝင်စားသူများက ထိုတရားတော်ကို **Buddhist Forum** စာစောင်မှ ကူးယူ၍ စာအုပ်ရိုက်နှိပ်ထုတ်ဝေကာ ဓမ္မဒါန ပြုကြပါသည်။ **Vipassana Meditation Guide Line** စာအုပ်ကိုလည်း ဘာသာပေါင်းများစွာဖြင့် ဘာသာပြန်ဆို၍ ဓမ္မဒါန ပြုကြပါသည်။

ဆရာတော်ဘုရားပြုစုသော **Vipassana Meditation** စာအုပ်ကိုလည်း ဘာသာပေါင်း အတော်များများဖြင့် ဘာသာပြန်ဆို ထုတ်ဝေ၍ ဓမ္မဒါန ပြုကြပါသည်။ တရုတ်၊ ကိုရီးယား၊ ဂျပန်၊ ထိုင်း၊ သီရိလင်္ကာ၊ အင်ဒိုနီးရှား၊ ဘူလ်ဂေးရီးယား၊ စပိန်ဘာသာတို့ဖြင့် ဘာသာပြန် ထုတ်ဝေကြပါသည်။ ဘာသာပြန် ထုတ်ဝေသူများသည် ဆရာတော်ဘုရားထံ ခွင့်ပန်ပြီးမှ ထုတ်ဝေကြခြင်းဖြစ်ပါသည်။

www.foreverspace.com.mm

## မြတ်နိုးကော်ရော် ပူဇော်ကြပါသည်ဘုရား

ဆရာတော်ဘုရားကြီးသည် ယခုဖော်ပြခဲ့သည့်အတိုင်း ၁၅ နှစ်အရွယ်ရှင်သာမဏေ ငယ်ဘဝမှစ၍ နှစ်ပေါင်း ၆၅ နှစ်တာမျှ ဗုဒ္ဓတရားတော်များကို သင်ယူလေ့လာခြင်း၊ ပို့ချခြင်း၊ ဟောပြောညွှန်ပြခြင်း၊ စီမံခန့်ခွဲခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အားပေးထောက်ပံ့ခြင်း၊ လှူဒါန်းဖြန့်ဝေခြင်း၊ စာပေကျမ်းဂန် ရေးသားပြုစု ဖြန့်ဖြူးခြင်း စသည်ဖြင့် ပြည်တွင်းပြည်ပ နှစ်ဌာနလုံးတွင် သာသနာတော်အကျိုး၊ လောကအကျိုး ပွားတိုးရေးအတွက် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်ခဲ့ရာ ယခု ၁၃၇၀ ပြည့်နှစ်ဝါခေါင်လဆန်း ၇ ရက် (၂၀၀၈ ခုနှစ် ဩဂုတ်လ ၈ ရက်) နေ့တွင် သက်တော် ၈၀ ပြည့်၍ ဝါခေါင်လဆန်း ၈ ရက်နေ့တွင် သက်တော် ၈၁ နှစ်သို့ စတင်ဝင်ရောက်လာပါပြီ။

သက်တော် ၈၀ ဆိုသည်မှာ သာမန်အားဖြင့် အိုမင်းရင့်ရော်သောအရွယ်ဖြစ်၍ ကိုယ်အား၊ ဉာဏ်အား၊ စိတ်ဓာတ်အားတို့ ဆုတ်ယုတ်ကျဆင်းချိန်ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးမှာမူ ဤသက်တော်ရွယ်တော်အထိ သာသနာ့တာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်ခဲ့သော်လည်း ကိုယ်စိတ်ပင်ပန်းနွမ်းနယ်သည်ကို မတွေ့မမြင်ရဘဲ အမြဲတစေ ကြည်လင် လန်းဆန်းလျက်ရှိသည်ကိုသာ ဖူးတွေ့ရသည်မှာ ရှေးဘဝများ၌ ပြုစုဆည်းပူးခဲ့သောကုသိုလ်ကောင်းမှုထူးများနှင့် ယခုဘဝ၌ ထက်သန်ခိုင်မာသော စိတ်ဓာတ်နှင့်စွဲမြဲသောလုံ့လဝီရိယ၊ နိုင်းဆဆင်ခြင် မြော်မြင်တတ်သော သမ္မာဉာဏ်ယှဉ်လျက် ဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေသည်ဟု တပည့်တော်များ ယုံကြည်ယူဆ သဘောကျကြပါသည်ဘုရား။

သို့ဖြစ်ပါ၍ ဆရာတော်ဘုရား၏သက်တော်ရွယ်တော် ကြီးမြတ်သောဂုဏ်၊ သီလ၊ သမာဓိ၊ ပညာ အကျင့်သိက္ခာဂုဏ်၊ သာသနာတော်အကျိုး၊ လောကအကျိုးကို ဖွံ့ဖြိုးအောင် ကြိုးပမ်းဆောင်ရွက်တော်မူသောဂုဏ်၊

www.foreverspace.com.mm



သတ္တဝါများအပေါ် မေတ္တာ၊ ဂရုဏာ၊ မုဒိတာ ဖြပ်ပွားစိုး၍တရား ပွားများသော ဂုဏ် စသော ကျေးဇူးအဖုံဖုံ ဂုဏ်တော်အဖြာဖြာတို့ကို သဒ္ဓါကြည်ညို ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ခြင်း ပဏာမပူဇာ၊ လျှူဖွယ်ပစ္စည်း မျိုးစုံဖြင့် လှူဒါန်းပူဇော်ခြင်း အာမိသပူဇာ၊ တရားဓမ္မဖြင့် ပူဇော်ခြင်း ဓမ္မပူဇာဟူသော ပူဇော်နည်းအမျိုးမျိုးတို့ဖြင့် မြတ်နိုးလှစွာ ပူဇော်ကြပါကုန်၏ ဘုရား။

ဆရာတော်ဘုရားသည် တပည့်များ၏ သဒ္ဓါ၊ မေတ္တာ၊ စေတနာ စွမ်းအားတို့ကြောင့် လည်းကောင်း၊ ဆရာတော်ဘုရား ကိုယ်တော်တိုင် ထူးခြားစွာ ပြုစုဆည်းပူးထားအပ်သော ကုသိုလ်ထူး၊ ကောင်းမှုထူးတို့၏ စွမ်းအားကြောင့်လည်းကောင်း သက်တော် ရာကျော် ရှည်တော်မူကာ သာသနာတော်အကျိုး၊ လောကအကျိုးကို ဆထက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေဟု တပည့်တော်များအားလုံးက ဆုမွန်ကောင်း တောင်းကြပါသည် ဘုရား။

**ဆုတောင်းမေတ္တာ**

**သူတော်စိတ်မြတ်၊ အငြိမ်းဓာတ်၊ လွှမ်းပတ်ကမ္ဘာတည်ပါစေ။**
**မေတ္တာစိတ်မြတ်၊ အအေးဓာတ်၊ လွှမ်းပတ်ကမ္ဘာခြုံပါစေ။**
**သတ္တဝါမှန်သမျှ၊ ဘေးမခ၊ အေးမြချမ်းသာရှိပါစေ။**
**သတ္တဝါမှန်သရွေ့၊ တရားတွေ့၊ ချမ်းမြေ့သာရာရှိပါစေ။**

--------------------

www.foreverspace.com.m

# ကြိုးစားကြပါစို့

လူ့, နတ်, ဗြဟ္မာ၊ သတ္တဝါတို့၊
များစွာကျိုးရှ၊ ချမ်းသာလှသည့်၊
ဗုဒ္ဓမြတ်စွာ၊ သာသနာသည်၊
ရှည်ကြာတည်တံ့၊ ရှည်နိုင်ခံ၍၊
ပျံ့နှံ့တိုးပွါး၊ ကျင့်သူများလျက်၊
ရွှင်ပြားချမ်းသာ၊ ချမ်းမြေ့သာအောင်။
ညီညာတို့များ၊ တာဝန်ထား၊
ကြိုးစားကြပါစို့။

ဦးငွေးဝင်း+ဒေါ်တင်တင်
မိသားစု တို့က
ဓမ္မဒါနပြုပါသည်။